# ၂၀၂၁ ခုနှစ် ကိုလိုရာဒို ဥပဒေပြုလွှတ်တော် အထွေထွေအစည်းအဝေး ရွှေ့ပြောင်းနေထိုင်သူများပါဝင်သည့် မှတ်သားဖွယ်ရာ ဥပဒေမူကြမ်းများ

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၀၅၄** (အထက်လွှတ်တော်အမတ် J. Gonzales နှင့် လွှတ်တော်ကိုယ်စားလှယ် D. Jackson)- အမေရိကန်ပြည်ထောင်စုတွင် တရားမဝင်ရှိနေသူများသည် ပြည်နယ်နှင့်ဒေသန္တရဆိုင်ရာ **အိုးအိမ်အထောက်အပံ့**ကို ရယူနိုင်ကြောင်း ဤဥပဒေမူကြမ်းမှ သေချာ စေပါသည်။  အိုးအိမ်အစီအစဉ်အချို့၌ ဗဟိုအစိုးရက လူဝင်မှုကြီးကြပ်ရေးအနေအထား အမျိုးအစား အချို့ လိုအပ်သည်ဟု အကျုံးဝင်ရန် သတ်မှတ်ချက်များ ရှိနိုင်သော်လည်း၊ အထောက်အထားမဲ့ ပုဂ္ဂိုလ်များနှင့်မိသားစုများအနေဖြင့် အိုးအိမ်တည်မြဲရေး အရင်းအမြစ်များကို တိုး၍ရယူနိုင်ပါမည်။
- **အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၀၇၇** (အထက်လွှတ်တော်အမတ် J Gonzales နှင့် ကိုယ်စား လှယ်များဖြစ်သည့် A Benevidez နှင့် C. Kipp)- ပြည်နယ်နှင့် ဒေသန္တရ **လိုင်စင်များ၊ သက်သေခံ လက်မှတ်များ သို့မဟုတ် မှတ်ပုံတင်များ** ရရန်အတွက် လူဝင်မှုကြီးကြပ်ရေး အနေအထားသည် သတ်မှတ်ချက်တစ်ရပ် ဖြစ်တော့မည် မဟုတ်ပါ။ ဥပမာများတွင် သင်တန်းဆင်းလက်မှတ်ရ သူနာပြု လက်ထောက်များကဲ့သို့ အလုပ်အကိုင်လိုင်စင်များ၊ သို့မဟုတ် မြူနီစပယ်လုပ်ငန်းလိုင်စင်များ ပါဝင် ပါသည်။ ဤအပြောင်းအလဲသည် DACA လက်ခံရရှိထားသော အလုပ်လုပ်ခွင့်ရှိသူများ အပါအဝင် တရားဝင်နေထိုင်နေခြင်းမဟုတ်သော ကိုလိုရာဒိုသားအားလုံးအပေါ် သက်ရောက်မှု ရှိပါသည်။
- **အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၀၀၉** (အထက်လွှတ်တော်အမတ် S. Jaquez Lewis နှင့် ကိုယ်စားလှယ် Y Caraveo)- အစီအစဉ်သစ်တစ်ရပ် ဖန်တီးခြင်းဖြင့် အထောက်အထားမဲ့သူများ အပါအဝင် ကိုလိုရာဒိုသားများသည် ၎င်းတို့နှင့် ၎င်းတို့၏မိသားစုများအတွက် အကောင်းဆုံးစီစဉ်နိုင်ရန် **ကိုယ်ဝန်တားဆေးနှင့် အကြံပေးဆွေးနွေးမှု ဝန်ဆောင်မှုများ** ရယူနိုင်ပါမည်။
- **အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၃၁** (အထက်လွှတ်တော်အမတ် J. Gonzales နှင့် ကိုယ်စားလှယ် S. Gonzales-Gutierrez)။ ပြည်နယ်အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို လျှောက်ထားသူများ၏ ယာဉ်မောင်းလိုင်စင်များအပါအဝင် **အချက်အလက်များလျှို့ဝှက်ထားကြောင်း** သေချာစေရန်၊ ဥပဒေအရ သို့မဟုတ် တရားရုံးမှ ထုတ်ပြန်သည့် ဆင့်ခေါ်ချက်၊ ဝရမ်း သို့မဟုတ် အမိန့်အရ သတ်မှတ်ထားခြင်း မရှိပါက၊ ပြည်နယ်အဖွဲ့အစည်းများသည် လူဝင်မှုကြီးကြပ်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်သည့် အချက်အလက်များကို ထုတ်မပြောနိုင်ပါ။ ပြည်နယ် အဖွဲ့အစည်းများသည် အတူတူအသုံးပြုကြသည့် ဒေတာဘေ့စ်များကို ဝင်ရောက်ခွင့်မပေးမီ အတည်ပြု လက်မှတ်များ ရယူရပါမည်၊ လူဝင်မှုကြီးကြပ်ရေး အနေအထားနှင့် ပတ်သက်သည့် လိုအပ်သော အချက်အလက်များ ကောက်ခံခြင်းကို ကန့်သတ်ရမည့်အပြင် ဤဥပဒေသစ်ကို ၎င်းတို့လိုက်နာကြောင်း သေချာစေရန် အစီရင်ခံစာများကို ပုံမှန်တင်သွင်းရပါမည်။
- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၁၅၀** (အထက်လွှတ်တော်အမတ် J. Gonzales နှင့် ကိုယ်စားလှယ် I Jodeh)။ အလုပ်အကိုင်နှင့်လူအင်အားဌာနရှိ **အမေရိကန်သားသစ်များ၏ ကိုလိုရာဒို ရုံး**ကို ဖန်တီးခြင်းသည် ရွှေ့ပြောင်းနေထိုင်သူများနှင့် သက်ဆိုင်သည့် ပြဿနာများကို ပြည်နယ်အစိုးရ အဆင့်အထိ မြှင့်တင်နိုင်ပြီး ပြည်နယ်အစိုးရက ကိုင်တွယ်ကြောင်း သေချာစေပါသည်။  ဤဥပဒေ မူကြမ်းသည် လူမှုအသိုင်းအဝိုင်း အကြံပေးမှုကော်မတီတစ်ရပ်ကို ဖန်တီးပြီး၊ ရွှေ့ပြောင်းနေထိုင်သူများ အနေဖြင့် အခွင့်အလမ်းများကို တန်းတူရယူနိုင်ကြောင်း သေချာစေရန် လူမှုအသိုင်းအဝိုင်းအခြေပြု အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန် မျှော်မှန်းပါသည်။

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၁၉၄** (အထက်လွှတ်တော်အမတ် D. Moreno နှင့် ကိုယ်စား လှယ်များ K. Tipper, N. Ricks)- **လူဝင်မှုကြီးကြပ်ရေး ဥပဒေရေးရာ ခုခံကာကွယ်ရေး ရန်ပုံငွေ** တစ်ရပ်သည် ဝင်ငွေနည်းပါးသည့်ပုဂ္ဂိုလ်များကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တရားစီရင်ရေး လုပ်ငန်း စဉ်များတွင် အခမဲ့ ဥပဒေရေးရာဝန်ဆောင်မှုများနှင့် ကိုယ်စားပြုမှုများ ရယူနိုင်ခြင်းကို တိုးချဲ့ပြီး၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အကျဉ်းထောင်၌ ရှိနေသူများနှင့် ပြည်နယ်၏ ကျေးလက်ဒေသများ၌ ပြည်နှင်ဒဏ်ပေးခံရမှု ကြုံတွေ့နေသူများကို ဦးစားပေးပါမည်။ ဤအခမဲ့ ဥပဒေရေးရာအကြံပေးမှု၊ အကြံပေးဆွေးနွေးမှုနှင့် ကိုယ်စားပြုမှုတို့ ပြုလုပ်ပေးရန် (အမေရိကန်သားအသစ်များရုံး) the Office of New Americans သည် ဤရန်ပုံငွေမှတစ်ဆင့် ကိုလိုရာဒိုရှိ အမြတ်အစွန်းမယူသော အဖွဲ့အစည်းများကို ထောက်ပံ့ကြေးများ ပေးပါမည်။

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၉၉** (အထက်လွှတ်တော်အမတ်များ S. Jaquez Lewis, F Winter နှင့် ကိုယ်စားလှယ်များ D. Esgar, S. Gonzales-Guiterrez)။ အခွင့်အလမ်းများရရှိရာတွင် သာတူညီမျှရှိစေရန်၊ ဗဟိုအစိုးရ၏ ဥပဒေအရ ခွင့်ပြုထားသည့် နေရာများတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ ပြည်နယ်နှင့်ဒေသန္တရ အများပြည်သူ အကျိုးခံစားခွင့်များလျှောက်ထားရာတွင် တရားဝင် ရှိနေရန် သတ်မှတ်တော့မည် မဟုတ်ပါ။ ဤသည်က အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၀၇၇ နှင့် အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၀၅၄ အရ ရယူနိုင်ခြင်းထက် ကျော်လွန်ပါသည်။

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၀၅၇** (အထက်လွှတ်တော်အမတ်များ R Rodriguez, J Cooke; ကိုယ်စားလှယ်များ K Tipper, D. Roberts)။ ပိုက်ဆံ သို့မဟုတ် တန်ဖိုးရှိသည့်အရာများကို ခိုးယူရန်အတွက်ကြောင့် အခြားသူတစ်ဦး၏ လူဝင်မှုကြီးကြပ်ရေး အနေအထားကို တိုင်ကြားရန် ခြိမ်းခြောက်ခြင်းသည် ရာဇဝတ်မှုမြောက်သည်ဟု လက်ရှိဥပဒေက ဆိုထားပါသည်။ ဤသည်က တစ်စုံ တစ်ဦးအား တစ်စုံတစ်ရာပြုလုပ်စေရန် (သို့မဟုတ် မလုပ်စေရန်) ထိုသူ၏လူဝင်မှုကြီးကြပ်ရေး အနေ အထားကိုတိုင်ကြားရန်ခြိမ်းခြောက်ခြင်းသည် ရာဇဝတ်မှုဖြစ်ကြောင်း ယင်း၌ ထပ်ဖြည့်ထားပါသည်။

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၀၇၅** (အထက်လွှတ်တော်အမတ် J Gonzales နှင့် ကိုယ်စားလှယ် S. Lontine)။ စကားလုံးများက အရေးကြီးပါသည်။ ဝန်ဆောင်မှုများအတွက် သဘောတူစာချုပ်များတွင် တရားမဝင် နိုင်ငံခြားသားဟူသည့် ဝေါဟာရကို ဤဥပဒေကြမ်းက ဖယ်ရှားပြီး "ခွင့်ပြုချက်မရှိသော အလုပ်သမား"ဟူသည့် ဝေါဟာရဖြင့် အစားထိုးထားပါသည်။

- **အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၂၃၃** (အထက်လွှတ်တော်အမတ်များ R Rodriguez နှင့် C Hansen; ကိုယ်စားလှယ်များ A. Benavidez, S. Gonzales-Gutierrez)။ တရားဝင်ရှိမနေသည့် ရွှေ့ပြောင်းနေထိုင်သူ အများအပြားသည် ၎င်းတို့၏လူဝင်မှုကြီးကြပ်ရေးအနေအထား တစ်ခုတည်း ကြောင့် အလုပ်လက်မဲ့ထောက်ပံ့ကြေး မရနိုင်ပါ။ ကျွန်ုပ်တို့ပြည်နယ်တွင် အထောက်အထား မရှိသော ကိုလိုရာဒိုသားများအတွက် အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို ထည့်သွင်းခြင်းမှာ မည်သည်နှင့် တူနိုင်မည်ကို နားလည်ရန် အထောက်အကူပြုရေးအတွက် လေ့လာချက်တစ်ရပ်ကို ဤဥပဒေမူကြမ်းမှ ဖြစ်မြောက်စေပါသည်။

- **အောက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၁၀၆၀** (အထက်လွှတ်တော်အမတ် J Gonzales နှင့် ကိုယ်စားလှယ် S. Gonzales-Gutierrez နှင့် I. Jodeh)။ "U ဗီဇာ"သည် ဗဟိုအစိုးရ၏ လူဝင်မှု ကြီးကြပ်ရေးဥပဒေအရ အချို့ ရာဇဝတ်မှုများကျူးလွန်ခံရသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် ရာသက်ပန်တရားဝင်နေထိုင်ခွင့်ရရှိရေး လမ်းကြောင်းတစ်ရပ် ပေးထားပါသည်။ အကျုံးဝင်သည့် လျှောက်ထားသူများတွင် ၎င်းတို့သည် ရာဇဝတ်မှုကျူးလွန်ခံရခဲ့ပြီး ထိုရာဇဝတ်မှုကို စုံစမ်း စစ်ဆေးရာတွင် သို့မဟုတ် တရားစွဲဆိုရာတွင် အထောက်အကူပြုသည်ဟု ဥပဒေကြီးကြပ်ရေးမှ ထွက်ဆိုထားသည့် သက်သေခံချက်စာတစ်စောင် ရှိရပါမည်။ ဥပဒေကြီးကြပ်ရေး အဖွဲ့အစည်း အားလုံးမှ ဤသက်သေခံချက်စာကို တိကျသည့် အချိန်အတိုင်းအတာတစ်ခုအတွင်း ပြီးစီးအောင် ပြုလုပ်ကြောင်း ဤဥပဒေမူကြမ်းမှ သေချာစေမည့်အပြင် ယင်းတွင် ထည့်သွင်းစဉ်းစားနိုင်သည့် အချက်များကို အကြမ်းအားဖြင့် ဖော်ပြထားပြီး၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို

လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များထံမှ ကာကွယ်ထားကာ၊ ဥပဒေကြီးကြပ်ရေးမှ ရာဇဝတ်မှု ကျူးလွန်ခံရသူအား U ဗီဇာအကြောင်း ပြောပြကြောင်း သေချာစေပါသည်။

- **အထက်လွှတ်တော် ဥပဒေမူကြမ်း ၂၁-၀၈၇** (အထက်လွှတ်တော်အမတ်များ J Danielson နှင့် D. Moreno နှင့် ကိုယ်စားလှယ် K McCormick နှင့် Y Caraveo)။ တစ်စုံတစ်ဦး၏ လူဝင်မှုကြီးကြပ်ရေး အနေအထား မည်သို့ပင်ရှိစေကာမူ၊ အခြားအလုပ်သမားများ ခံစားရသည့် အနည်းဆုံးလုပ်ခ အာမခံ ချက်များနှင့် အချိန်ပိုလုပ်ခ၊ အစာစားရန်နှင့် အနားယူရန် အားလပ်ချိန်များ၊ စည်းရုံးပိုင်ခွင့်၊ အလုပ်သမားအိမ်ယာ၌ ဧည့်သည်များ လက်ခံပိုင်ခွင့်နှင့် အလုပ်နှင့် ကျန်းမာရေး အကာအကွယ်များ အစရှိသည့် အခြားအလုပ်သမားများစွာ ခံစားရသည့် တူညီသော အကာအကွယ်များအရ စိုက်ပျိုးရေး လုပ်သားများကို ခေါ်လာခြင်းဖြင့် ဤဥပဒေမူကြမ်းသည် စိုက်ပျိုးရေးလုပ်သားများ၏ ရပိုင်ခွင့်များကို ပိုမိုကျယ်ပြန့်စေပါသည်။